1 တန်းနှင့် 2 တန်း

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ်
# အိမ်တွင် လေ့လာသင်ယူခြင်း

## သိပ္ပံဘာသာရပ်နှင့် သိချင်စိတ်

**သိပ္ပံဘာသာရပ်သည် မေးခွန်းများ မေးရန်အကြောင်း ဖြစ်သည်။**

သင့်ကလေးများသည် သူတို့၏ လတ်တလော သိချင်စိတ်နှင့် သဘာဝတရားကို မေးချင်စိတ်တို့ကြောင့် သဘာဝအလျောက် သိပ္ပံပညာရှင်များ ဖြစ်သည်။

သူတို့သည် ဆက်တိုက် မေးခွန်းများကို သူတို့ကမ္ဘာကို သိအောင်အားထုတ်ရာ၌ မေးနေကြသည်၊ ဖြေကြားနေကြသည်။

သူတို့၏ သိချင်စိတ်ကို ထောက်ပံ့ပေးရန်နှင့် အားပေးရန် သင့်ကလေးများအား သင် မေးနိုင်သည့် မေးခွန်း အများအပြား ရှိပါသည်။

အဖြေများကို စဉ်းစားရန် သင့်ကလေးများအား လှုံ့ဆော်သည့် မေးခွန်းများ၊ သူတို့၏အဖြေများကို ရှင်းပြသည့် မေးခွန်းများ၊ သူတို့၏အကြံဉာဏ်များကို ပြောသည့်မေးခွန်းများ နှင့် သူတို့၏ သိလိုဇော သဘာဝကို ထောက်ခံသည့် အဘယ်ကြောင့်ဆုံးဖြတ်ရကြောင်းရှင်းလင်းသည့်မေးခွန်းများတို့ ဖြစ်သည်။

သင့်ကလေးများအား သင် အရာများကို လုပ်နေစဉ် ‘စဉ်းစားတာကို ကျယ်ကျယ်ပြော’ ရန် ပံ့ပိုးပါ – ၎င်းသည် သူတို့အား အဖြေကိုရှာဖွေသည့် လမ်းစဉ်ကို ပြသပါသည်။

| မေးခွန်း | ဥပမာ- |
|---|---|
| *ဘယ်ဟာက...။* | *ခံစားရတာ ဘာနှင့်တူသလဲ။*<br>*သင့်မျက်စိများကို ပိတ်ထားပြီး အဲဒါကို ဘယ်လိုခံစားရကြောင်း ကျွန်ုပ်ကို ပြောပြပါ။*<br>*၎င်းမှာ ဘာနှင့်တူသလဲ။*<br>*၎င်းမှာ ဘာအရသာနှင့်တူသလဲ။*<br>*ယခင်က သင် အဲဒါနှင့်တူသည့် တစ်ခုခုကို အရသာခံခဲ့သလား။*<br>*၎င်းမှာ ဘာအနံ့နှင့်တူသလဲ။*<br>*၎င်းမှာ ဘာအသံနှင့်တူသလဲ။*<br>*သင် ယခင်က ၎င်းအသံနှင့်တူသည်ကို ဘယ်နေရာတွင် ကြားခဲ့သလဲ။* |
| *အဘယ်ကြောင့်ဖြစ်သည်ကို ကျွန်ုပ် သိချင်သည်...* | *အရိပ် အဘယ်ကြောင့် ရွေ့လျားကြောင်း ကျွန်ုပ် သိချင်သည်။* |
| *အကယ်၍ ... ဖြစ်လျှင် ဘာဖြစ်မည်နည်း။* | *အကယ်၍ ကျွန်ုပ် ဘော်လုံးကို လွတ်လိုက်လျှင် ဘာဖြစ်မည်နည်း။* |
| *မည်ကဲ့သို့ ...။* | *ပင့်ကူသည် ၎င်း၏ပင့်ကူအိမ်ကို မည်ကဲ့သို့ဆောက်သနည်း။* |
| *အကယ်၍ ... ဖြစ်လျှင် ဘာဖြစ်မည်နည်း။* | *အကယ်၍ သင် ငှက်တစ်ကောင်ဖြစ်လျှင် ဘာဖြစ်မည်နည်း။* |
| *သင် ... ကို မည်ကဲ့သို့လုပ်နိုင်သနည်း။* | *သင် ဘလောက်အတုံးများကို မည်ကဲ့သို့ ဟန်ချက်ညီအောင် လုပ်နိုင်သနည်း။* |

Department of
**Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY